# Airbus ရုံးအခြေစိုက် နယ်သာလန် အစိုးရအနေဖြင့် ရာဇဝတ်ဂိုဏ်း မြန်မာစစ်အုပ်စုထံ လေယာဉ်နှင့် ဆက်စပ်ပစ္စည်းများ ဆက်လက် လွှဲပြောင်းပေးနေသည့် AVIC နှင့် စီးပွားဆက်ဆံနေသော Airbus လုပ်ငန်းများကို စုံစမ်းစစ်ဆေးပေးရန် အိတ်ဖွင့်ပေးစာ ပေးပို့ခြင်း။

သို့
ကပ်စပါဗဲဒ်ကပ်၊ နိုင်ငံခြားရေးဝန်ကြီး
ဒစ်ခ်ဘဲလ်ယက်စ်၊ စီးပွားရေးဝန်ကြီး
အီလ်ကိုဟေနန်၊ ဘဏ္ဍာရေးဝန်ကြီး

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်

**အကြောင်းအရာ။ ။ Airbus နှင့် Aviation Industry Corporation of China (AVIC) တို့၏ စီးပွားဆက်ဆံရေးကိစ္စ**

မြန်မာနိုင်ငံတွင် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ အာဏာသိမ်းကြိုးပမ်းမှုနောက် အချိန် ၄ နှစ် အတွင်း စစ်အုပ်စုသည် မြန်မာပြည်သူများအပေါ် စစ်ရာဇဝတ်မှုများ၊ လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့် ရာဇဝတ်မှုများနှင့် အခြားသောဆိုးရွားပြင်းထန်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို အရေးယူ အပြစ်ပေးခံရခြင်း စိုးစဉ်းမျှမရှိဘဲ ဆက်လက်ကျူးလွန်လျက်ရှိသည်။ အဆိုပါအကြမ်းဖက် စစ်ဆင်ရေးကို လုပ်ဆောင်နေနိုင်ခြင်းမှာ စစ်အုပ်စုက တိုက်ခိုက်ရေး လေယာဉ်များနှင့် ဆက်စပ်ထိန်းသိမ်းပြုပြင် မွမ်းမံရေးဆိုင်ရာ နည်းပညာအကူအညီများအပါအဝင် စစ်လက်နက် များကို ဆက်လက်ရရှိနေခြင်းကြောင့်သာ ဖြစ်သည်။

**Aviation Industry Corporation of China (AVIC) သည် စစ်အုပ်စုအတွက် စစ်လေယာဉ်များ အဓိကရောင်းချခြင်းနှင့် ပြုပြင်ထိန်းသိမ်းရေးများပြုလုပ်ပေးသည့် ကုမ္ပဏီဖြစ်သည်။**

ဝန်ကြီးများ သိရှိပြီးဖြစ်သည့်အတိုင်း Airbus သည် AVIC ၏ အဓိကရင်းနှီးမြှုပ်နှံသူနှင့် မိတ်ဖက်ကုမ္ပဏီ ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင်း လူ့အခွင့်အရေးအကျပ်အတည်းနှင့် ပတ်သက်၍ ကုလသမဂ္ဂ၏ ယုံကြည်ထိုက်သော စောင့်ကြည့်မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံစာထုတ်ပြန်ခြင်းများ ရှိနေသည်ဖြစ်ရာ စစ်အုပ်စုထံ လက်နက်ရောင်းချပေးနေသည့် AVIC ၏ အခန်းကဏ္ဍတို့အပေါ် Airbus အနေဖြင့် AVIC နှင့် ပူးပေါင်းဆောင်ရွက်မှုသည် ပြဿနာကြီးဖြစ်နိုင်ကြောင်း သိရှိရမည် ဖြစ်ပါသည်။ သို့ရာတွင် Airbus အနေဖြင့် AVIC နှင့် ဆက်ပြီးပူးပေါင်းဆောင်ရွက်သည့်အပြင် ဟောင်ကောင်စာရင်းဝင်ကုမ္ပဏီ AviChina Industry & Technology Company Limited မှတဆင့် AVIC ၏ ကုမ္ပဏီခွဲများစွာတို့တွင် ရင်းနှီးမြှုပ်နှံမှုများကို ဆက်လက်ထားရှိခဲ့သည်။ Airbus သည် AviChina ၏ အကြီးဆုံးနိုင်ငံတကာ ရှယ်ယာရှင်ဖြစ်သည်။ သို့ဖြစ်ရာ Airbus အနေဖြင့် AviChina ၏ မဟာဗျူဟာဆုံးဖြတ်ချက်များအပေါ် ကြီးမားသည့် ဩဇာလွှမ်းမိုးမှု ရှိနေသည်။



၂၀၂၂-၂၀၂၃ ခုနှစ်ဘဏ္ဍာရေးနှစ်အတွက် AviChina ၏ နောက်ဆုံးထုတ်အစီရင်ခံစာတွင် "ကုမ္ပဏီ သည် အခြေခံအား ဖြင့် မိမိတို့ကုမ္ပဏီခွဲများမှတဆင့် လုပ်ငန်းများဆောင်ရွက်ကြောင်း"၊ AviChina အုပ်စုသည် "ပြည်တွင်းနှင့် ပြည်ပ ဝယ်ယူသူများအတွက် ဟယ်လီကော်ပတာများ၊ လေ့ကျင့်ရေး လေယာဉ်များ၊ ဘက်စုံသုံးလေယာဉ်များနှင့် ဒေသသုံး ဂျက်လေယာဉ်များ ရောင်းချပေးအပ်ခြင်း၊ ပြည်ပလေကြောင်း ထုတ်လုပ်ရေးကုမ္ပဏီများနှင့် လေကြောင်းဆိုင်ရာ ထုတ်ကုန်များ ပူးတွဲတီထွင် ထုတ်လုပ်ခြင်းများကဲ့သို့သော အရပ်ဘက်လေကြောင်းထုတ်ကုန်များနှင့် ကာကွယ်ရေး ထုတ်ကုန် များကို တီထွင်ခြင်း၊ ထုတ်လုပ်ခြင်း၊ ရောင်းချခြင်းနှင့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများတွင် အဓိက လုပ်ဆောင် ကြောင်း" ဖော်ပြထားသည်။

ကုမ္ပဏီအုပ်စု၏ အဓိကထုတ်ကုန်များတွင် K8 လေ့ကျင့်ရေး လေယာဉ်နှင့် Y-12 ဘက်စုံသုံး လေယာဉ်များ ပါဝင်ကြောင်း အစီရင်ခံစာအရ သိရသည်။ အဆိုပါလေယာဉ်နှစ်မျိုးလုံးကို မြန်မာစစ်အုပ်စုက အာဏာသိမ်း ကြိုးပမ်းမှုနောက်ပိုင်း ဝယ်ယူ အသုံးပြုခဲ့ပြီး၊ အရပ်သားပြည်သူများအပေါ် လေကြောင်းတိုက်ခိုက်မှုများတွင် ယင်းလေယာဉ် များကို ဆက်လက် အသုံးပြုကြောင်း မကြာခဏဆိုသလို မှတ်တမ်းများ ရရှိခဲ့သည်။

AviChina က မြန်မာစစ်အုပ်စုထံ စစ်လေယာဉ်များ၊ ဆက်စပ် စစ်လက်နက်များနှင့် ပစ္စည်းများအား ရောင်းချပေးမှုသည် လက်ခံနိုင်ဖွယ်မရှိသည့် အန္တရာယ်ဖြစ်မှုအတွက် နယ်သာလန် ရင်းနှီးမြှုပ်နှံသူ အဖွဲ့အစည်းများသည် AviChina အား ၎င်းတို့၏ ရင်းနှီးမြှုပ်နှံသည့်ကုမ္ပဏီများ စာရင်းမှ အတူတကွ ဖယ်ရှားခဲ့ကြသည်ကို ကျွန်ုပ်တို့ သိရှိရပါသည်။ နယ်သာ လန်နိုင်ငံ အနေဖြင့်လည်း ကော်ပိုရိတ်များ လူ့အခွင့်အရေး လေးစားလိုက်နာမှုနှင့် လူ့အခွင့်အရေးဆိုင်ရာထိခိုက်နစ်နာ မှုများအတွက် ကော်ပိုရိတ် တာဝန်ယူတာဝန်ခံမှု မြှင့်တင်ရန် ကုလသမဂ္ဂ၊ ဥရောပသမဂ္ဂ၊ စီးပွားရေးပူးပေါင်းဆောင်ရွက် မှုနှင့် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (OECD) တို့ အပါအဝင် နိုင်ငံတကာ ဆွေးနွေးမှုများတွင် အဓိကအခန်းကဏ္ဍမှ ဆက်လက် ပါဝင်နေကြောင်းကိုလည်း ကျွန်ုပ်တို့ သိရှိရပါသည်။

ထို့အပြင် မြန်မာနိုင်ငံသည် အီးယူ၏ စစ်လက်နက်ရောင်းချမှုပိတ်ပင်ရေးပြဋ္ဌာန်းချက် ချမှတ်ခံထား ရသည်ဖြစ်ရာ Airbus ကုမ္ပဏီအနေဖြင့် စစ်အုပ်စု၏လက်နက်ပွဲစားကုမ္ပဏီအား ဘဏ္ဍာရေးဆိုင်ရာ ထောက်ပံ့မှုများ ပေးအပ်ခြင်းဖြင့် အန္တရာယ်ကို ဖိတ်ခေါ်နေခြင်းဖြစ်သည်။

အဖွဲ့ဝင်နိုင်ငံများမှ ၂၀၁၈ ခုနှစ်တွင် သက်တမ်းတိုးလိုက်သည့် ယင်းပိတ်ပင်ချက်တွင် အီးယူအတွင်းရှိ ကုမ္ပဏီအဖွဲ့ အစည်း များအား *"နိုင်ငံတွင်းဖိနှိပ်မှုများအတွက် အသုံးပြုနိုင်သည့် စစ်လက်နက်များနှင့် ဆက်စပ်ပစ္စည်းများ၊ စက်ပစ္စည်းကိရိယာများ ရောင်းချခြင်း၊ ထောက်ပံ့ခြင်း၊ လွှဲပြောင်းခြင်း သို့မဟုတ် တင်ပို့ခြင်း တို့အတွက်လည်းကောင်း၊ မြန်မာ/ဗမာနိုင်ငံအတွင်းရှိ မည်သည့်လူပုဂ္ဂိုလ်၊ အဖွဲ့အစည်း သို့မဟုတ် အစုအဖွဲ့အတွက် သို့မဟုတ် မြန်မာ /ဗမာနိုင်ငံအတွင်း အသုံးပြုရန်အတွက် ဆက်စပ်နည်းပညာအကူ အညီ၊ ကြားခံဆောင်ရွက်မှုနှင့် အခြားဝန်ဆောင်မှုများ ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပေးအပ်ခြင်းအတွက်လည်းကောင်း အထူးသဖြင့် ထောက်ပံ့ငွေများ၊ ချေးငွေ များနှင့် ပို့ကုန်အကြွေး အာမခံမှုများ အပါအဝင် ဘဏ္ဍာငွေထောက်ပံ့ခြင်း သို့မဟုတ် စစ်ဘက်လုပ်ငန်းများနှင့် ဆက်စပ် သည့် ဘဏ္ဍာရေးဆိုင်ရာအကူအညီပေးအပ်ခြင်း"* တို့ကို တားမြစ်ထားသည်။



တနည်းဆိုရသော် AviChina တွင် ရှယ်ယာများ ပိုင်ဆိုင်ထားခြင်းဖြင့် Airbus ကုမ္ပဏီသည် ဝန်ကြီးများ၏ အစိုးရက အကောင်အထည်ဖော်ဆောင်ရွက်ရန် တာဝန်ရှိသည့် စစ်လက်နက် ရောင်းချမှုပိတ်ပင်ရေး ပြဋ္ဌာန်းချက်ကို ချိုးဖောက်ရာ ရောက်နိုင်ပေသည်။

**Airbus သည် ဝန်ကြီးများ၏ နိုင်ငံတွင် ဥပဒေအရ အခြေစိုက်တည်ရှိသည့်ကုမ္ပဏီ ဖြစ်ပါသည်။ ယင်းအချက်တစ်ခုတည်းအရ ဖြစ်စေ၊ လူ့အခွင့်အရေးကို စီးပွားရေးလုပ်ငန်းများက လေးစား လိုက်နာမှုမြှင့်တင်ရန် နယ်သာလန်နိုင်ငံ၏ ကတိကဝတ်များရှိထားခြင်းကြောင့်ဖြစ်စေ နယ်သာလန် အစိုးရအနေဖြင့် Airbus အား ၎င်းတို့၏ တန်ဖိုးကွင်းဆက်တစ်လျှောက်လုံးတွင် လူ့အခွင့်အရေး အား လေးစားလိုက်နာရန် တာဝန်ဝတ္တရားများကို ဖြည့်ဆည်းကျေပွန်စေရေးအတွက် အဓိက အခန်းကဏ္ဍတွင် ရှိနေကြောင်း ကျွန်ုပ်တို့ မှတ်ယူပါသည်။**

AVIC ကုမ္ပဏီခွဲများနှင့် မိတ်ဖက်များက စစ်အုပ်စုထံ ဆက်လက်ရောင်းချပေးအပ်နေသည့် စစ်ဘက် လေယာဉ်များ၊ အပိုပစ္စည်းအစိတ်အပိုင်းများနှင့် ဆက်စပ်သော ပြုပြင်ထိန်းသိမ်းမွမ်းမံရေး ဝန်ဆောင်မှုများအား မြန်မာစစ်အုပ်စုရရှိနေမှုကို ပိတ်ပင်ဟန့်တားရန်အတွက် စစ်မှန်ပြီး၊ ပြတ်သားသည့် အရေးယူဆောင်ရွက်မှုများ လုပ်ဆောင်ရန် ယခုအိတ်ဖွင့်ပေးစာတွင် လက်မှတ်ရေးထိုးထားသည့် ကျွန်ုပ်တို့အဖွဲ့အစည်းများမှ နယ်သာလန်အစိုးရကို တိုက်တွန်း တောင်းဆိုပါသည်။

**အထူးသဖြင့်**

၁) AVIC နှင့် မြန်မာစစ်တပ်တို့၏ စီးပွားရေးကို ရပ်တန့်ရန်အတွက် ၎င်းတို့၏ ဩဇာလွှမ်းမိုး နိုင်မှုကို အသုံးပြုခြင်းဖြင့် Airbus ကုမ္ပဏီအား နိုင်ငံတကာလူ့အခွင့်အရေးတာဝန်ဝတ္တရားများ နှင့်အညီ ဆောင်ရွက်စေရန်။

၂) မြန်မာနိုင်ငံသို့ AVIC လေယာဉ်နှင့် ဆက်စပ်ပစ္စည်း လွှဲပြောင်းရောင်းချမှု၊ ပံ့ပိုးမှုများ ဆက်လက်ရှိနေပါက Airbus ကုမ္ပဏီအနေဖြင့် AviChina မှ ရင်းနှီးမြှုပ်နှံမှုများ ရုတ်သိမ်းပြီး၊ AVIC နှင့် ၎င်းတို့၏ စီးပွားရေးဆက်ဆံမှုကို အဆုံးသတ်စေရန်။

တို့ကို တိုက်တွန်းတောင်းဆိုပါသည်။

လေးစားစွာဖြင့်
ပြည်တွင်း၊ ပြည်ပ တော်လှန်ရေး အင်အားစုများနှင့် အရပ်ဘက် အဖွဲ့အစည်း (၃၆၁)ဖွဲ့။

ပိုမိုသိရှိလိုပါက ဆက်သွယ်ရန်
သွေးစွန်းငွေ ဖြတ်တောက်ရေး လှုပ်ရှားမှု - **bloodmoneycampaign21@protonmail.com**

ယခုအိတ်ဖွင့်ပေးစာကို လုံခြုံရေးဆိုင်ရာအကြောင်းပြချက်များကြောင့် အမည်ဖော်ပြနိုင်ခြင်း မရှိသည့် အဖွဲ့အစည်း (၇၃) ဖွဲ့ အပါအဝင် အဖွဲ့အစည်းပေါင်း (၃၆၁) တို့က လက်မှတ်ရေးထိုးထားသည်။



ယခုအိတ်ဖွင့်ပေးစာကို လုံခြုံရေးဆိုင်ရာအကြောင်းပြချက်များကြောင့် အမည်ဖော်ပြနိုင်ခြင်း မရှိသည့် အဖွဲ့အစည်း (၇၃) ဖွဲ့ အပါအဝင် အဖွဲ့အစည်းပေါင်း (၃၆၁) တို့က လက်မှတ်ရေးထိုးထားသည်။

1. 5/ of Zaya State Strike
2. Action Against Myanmar Military Coup (Sydney)
3. Action Committee for Democracy Development (ACDD)
4. Action Committee of Basic Education Students (ACBES)
5. Ah Nah Podcast - Conversations with Myanmar
6. All Arakan Youth Organizations Network (AAYON)
7. All Aung Myay Thar San Schools Strike Force
8. All Burma Federation of Student Unions (Monywa District)
9. All Burma Student Democratic Front (ABSDF) - Australia Branch
10. All Young Burmese League (AYBL)
11. Alliance for Democracy for Myanmar
12. Alliance of Students' Union – Yangon (ASU-Yangon)
13. ALTSEAN-Burma
14. Anti Dictatorship in Burma DMVPA Area
15. Anti-Junta Alliance Yangon-AJAY
16. Anti-junta Forces Coordination Committee (AFCC -Mandalay)
17. Anyar Taw Eain
18. Arakan CSO Network
19. Arakan Rohingya Development Association - Australia
20. Arakan Youth Peace Network (AYPN)
21. Athan - Freedom of Expression Activist organization
22. Aung San Suu Kyi Park Norway
23. Australian Burmese Rohingya Organisation (ABRO)
24. Australian Coalition for Democratic Burma (ACDB)
25. Australian Karen Organisation (AKO)
26. AWDO (Magway Region)
27. A-Yar-Taw People Strike
28. Basic Education General Strike Committee (BEGSC)
29. Basic Education Worker Unions - Steering Committee (BEWU-SC)
30. Basic Education Worker`s Union (Bago)
31. Blood Money Campaign (BMC)



32. Board Of Education (Bago)
33. Boston Free Burma
34. Burma Campaign UK
35. Burma Human Rights Network (BHRN)
36. Burmese Canadian Network (BCN)
37. Burmese Community Development Collaboration (BCDC)
38. Burmese Community Support Grop (BCSG)
39. Burmese Medical Association Australia (BMAA)
40. Burmese Rohingya Association in Japan (BRAJ)
41. Burmese Rohingya Community in Denmark (BRCD)
42. Burmese Rohingya Community of Georgia, Atlanta
43. Burmese Rohingya Organisation UK (BROUK)
44. Burmese Rohingya Welfare Organization New Zealand (BRWO) NZ
45. Burmese Women's Union -BWU
46. Campaign for a New Myanmar
47. CAN-Myanmar
48. CDM Medical Network (CDMMN)
49. Chanmyatharzi Township People's Strike
50. Chaung Oo Township Youth Strike Committee
51. Chin Community in Norway
52. Chin Social Association (Mae Sot)
53. Chindwin (West) Villages Women Strike
54. Civil Information Network (CIN)
55. Civil Society Organizations Coordination Committee (Monywa)
56. Coalition Strike Committee – Dawei
57. Co-operative University Mandalay Students' Strike
58. Coordination Team for Emergency Relief-Karenni (CTER)
59. CRPH & NUG Supporters Ireland
60. CRPH Funding Ireland
61. CRPH Support Group, Norway
62. CRPH, NUG Support Team Germany - Deutschland
63. Daung Sitthe Strike
64. Dawei (Ashaetaw) Women Strike
65. Dawei Youths Revolutionary Movement Strike Committee
66. Defend Myanmar Democracy
67. Democracy, Peace and Women's Organization
68. Democratic Party for a New Society, Norway
69. Democratic Youth Council
70. Depayin Township Revolution Steering Committee
71. Depayin Women Strike
72. EarthRights International



73. Enemy Air Route (EAR)
74. Equality Myanmar (EQMM)
75. Ethnic Youth General Strike Committee (Mandalay)
76. ETOs Watch Coalition
77. European Rohingya Council (ERC)
78. Federal School
79. Former ABSDF
80. Former Political Prisoners and New Generation Group – Monywa
81. Free Rohingya Coalition
82. Freedom and Labor Action Group (FLAG)
83. Friends Against Dictatorship (FAD)
84. Future Thanlwin (FT)
85. Gangaw Women Strike
86. General Strike Collaboration Committee (GSCC)
87. General Strike Committee of Basic and Higher Education (GSCBHE)
88. General Strike Coordination Body (GSCB)
89. Generation Network Myanmar
90. Generation Wave
91. Generations' Solidarity Coalition of Nationalities (GSCN)
92. Global Action Against China's Meddling in Myanmar (GAACMM)
93. Global Myanmar Spring Revolution (GMSR)
94. Global Shan Network (GSN)
95. GMSR Korea 글로벌 미얀마 봄혁명 연대 -တကမ္ဘာလုံးဆိုင်ရာ မြန်မာ့နွေဦးတော်လှန်ရေး
96. HTY Scout Channel
97. Human Rights Foundation of Monland
98. India for Myanmar
99. Industrial Training Centre (ITC) Family Sydney
100. Industries Strike
101. Info Birmanie
102. Information & Scout News (Hlaing)
103. Inter - Religious Institute for Peace (IRIP)
104. Interim Myanma Railways Administration Council (IMRAC)
105. International Campaign for the Rohingya
106. Japan Myanmar Help Network (JMHN) – comprising of over 40 youth groups in Japan
107. Justice & Equality Focus (JEF)
108. Justice For Myanmar (JFM)
109. Justice Movement for Community-Innlay
110. Kachin Association Australia (KAA)
111. Kachin Association Norway
112. Kachin Peace Network



113. Kachin Student Union
114. Kalay Township Strike Force
115. Kalay Women Strike
116. Kamayut Scout Channel
117. Karen Human Rights Group (KHRG)
118. Karen Peace Support Network (KPSN)
119. Karenni Human Rights Group (KnHRG)
120. Karenni National Women's Organization (KNWO)
121. KayahLi Phu Youth-KLY
122. Kayan New Generation Youth (KNGY)
123. Kayaw Women Association
124. K'cho Ethnic Association (Europe)
125. Keng Tung Youth
126. Kyae Lak Myay
127. Kyae Lak Myay
128. Kyain Seikgyi Spring Revolution Leading Committee
129. Kyauktada Strike Committee (KSC)
130. Land In Our Hands - ဒို့မြေကွန်ရက်
131. Latpadaung Region Strike Committee
132. Legal Aid for Human Rights
133. Let's Help Each Other (LHEO) - အလုပ်သမား အချင်းချင်းရိုင်းပင်း ကူညီရေးအဖွဲ့
134. LGBT Alliance
135. LGBT Alliance Myanmar (Kalay Region)
136. LGBT Alliance Myanmar (Kyaukse Region)
137. LGBT Community Yangon
138. LGBT Union – Mandalay
139. Madaya Federal School
140. Magway People's Revolution Committee (မကွေးလူထု တိုက်ပွဲကော်မတီ)
141. Maharaungmyay Township People's Strike
142. Mandalar University Students' Strike
143. Mandalay Alliance Coalition Strike
144. Mandalay Medical Family (MFM)
145. Mandalay Strike Force (MSF)
146. Mandalay Women Strike
147. Mandalay Youth Strike
148. Mandalay-based People's Strike
149. Mandalay-Based University Students' Unions (MDY_SUs)
150. MATA စစ်ကိုင်းတိုင်း
151. Matu Chin Community - NSW/UPU Chin Association
152. Mayangone News
153. MayMyo Strike Force



154. Milk Team Alliance Thailand (MTAT)
155. MilkTeaAlliance Calendar Team
156. Mindat Chin Community NSW
157. Minority Affairs Institute (MAI Myanmar)
158. Mon National Council (MNC)
159. Mon State Development Center (MSDC)
160. Monywa LGBT Strike
161. Monywa People's Strike Steering Committee
162. Monywa Women Strike
163. Monywa-Amyint Road Strike Leading Committee
164. Monywa-Amyint Road Women Strike
165. Multi-Religions Strike
166. Mya Taung Strike
167. Myanmar Campaign Network
168. Myanmar Catholic Community in Norway
169. Myanmar Community Coffs Harbour (MCC)
170. Myanmar Community in Norway
171. Myanmar Democratic Force (Denmark)
172. Myanmar Engineering Association of Australia (MEAA)
173. Myanmar Ethnic Rohingya Human Rights Organization in Malaysia (MERHROM)
174. Myanmar Federal Democratic Mission Collection (MFDMC)
175. Myanmar Global Support Foundation - MGSF
176. Myanmar Hindu Union
177. Myanmar Institute of Information Technology Students' Strike
178. Myanmar Labor Alliance (MLA)
179. Myanmar Professionals Association Australia (MPAA)
180. Myanmar Student Union (ဗကသများအဖွဲ့ချုပ်)
181. Myanmar Students' Association Australia (MSAA) NSW Chapter
182. Myanmar Tourism Committee (MTC)
183. Myaung Youth Network
184. MyaYar Knowledge Tree
185. Myingyan Civillian Movement Committee
186. National League for Democracy (Monywa Township)
187. Nattalin Board of Education
188. Network for Human Rights Documentation ND-Burma
189. Network of University Student Unions – Monywa
190. New Myanmar Foundation
191. New Power Generation
192. New Step
193. NLD Organization Committee (International) Norway
194. NLD Solidarity Association (NSW chapter)



195. No Business With Genocide
196. No.12 Basic Education Branch High School (Maharaungmyay) Students' Union
197. NOK Information & Scout Echo
198. North Dagon & East Dagon News
199. Norway Falam Community
200. Norway Matu Community
201. Norway Rvwang Community
202. NSW Karenni (Kayah) Communities
203. Nway Oo Guru Lay Myar (နွေဦးဂုရုလေးများ)
204. Nyan Lynn Thit Analytica
205. OCTOPUS (Youth Organization)
206. Oway Institute
207. Pakkoku Youth Development Council (PYDC)
208. Pakkoku Youth Network
209. Pale Township People's Strike Steering Committee
210. People Defense and Supporting Force (PDSF)
211. People's Embrace
212. Peoples of Longing
213. Political Prisoners Network Myanmar (PPNM)
214. Progressive Muslim Youth Association (PMYA)
215. Progressive Voice
216. Purple Window Counselling
217. Pyi Gyi Tagon Strike Force
218. Queers of Burma Alternative (QBA)
219. Representative Committee of University Teacher Associations (RC of UTAs)
220. Revolution Through Art (RTA)
221. Rise Again Myanmar (RAM)
222. Rohingya Association of Canada (RAC)
223. Rohingya Community in Norway
224. Rohingya Human Rights Initiative
225. Rohingya Maìyafuìnor Collaborative Network (RMCN)
226. Rohingya Organisation Norway (RON)
227. Samgha Sammaga-Mandalay
228. Save and Care Organization for Ethnic Women at Border Areas (SCOEWBA)
229. Save Myanmar San Francisco
230. Save Myanmar USA
231. Sein Pann Strike Column
232. Seinpann Strike
233. Shan MATA
234. Shwe Pan Kone People`s Strike Steering Committee
235. Sisters2Sisters



236. Sitt Nyein Pann Foundation
237. South Dagon Scouting Infos (SDG)
238. Southern Dragon Myanmar
239. Southern Youth Development Organization
240. Spring Revolution Myanmar Muslim Community
241. Support Group for Democracy in Myanmar (NL)
242. Support Group for Democracy in Myanmar (The Netherlands)
243. Sydney Friends for Myanmar Unity
244. Sydney Peace & Justice Coalition
245. SYSO, Seoul
246. Tai Pin Phaw online counseling Service
247. Tamwe Nway Oo Channel
248. Taze Strike Commitee
249. Taze Women Strike
250. Technological Teachers' Federation (TTF)
251. Thaketa & Dawbon Scout Channel
252. Thakhin Kodaw Mhine Peace Network (Monywa)
253. Thayat Chaung Women Strike
254. The 88 Generation Peace and Open Society (Monywa)
255. The Mekong Butterfly
256. Thint Myat Lo Thu Myar Organization
257. TPN-SBO - သပြေညိုရွှေဘိုပန်း
258. Twitter Team for Revolution (TTFR)
259. University Students' Unions Alumni Force
260. Volunteers in Myanmar
261. We Pledge CDM (Australia)
262. Wetlet Revolution Leading Committee
263. Wetlet Twonship Women Strike
264. White Coat Society Yangon (WCSY)
265. Women Activists Myanmar (WAM)
266. Women Alliance Burma (WAB)
267. Women's Organization of Political Prisoners (WOPP)
268. Yadanabon University Students' Union (YDNBUSU)
269. Yangon Deaf Group
270. Yangon Women Strike
271. Yasakyo Township People`s Strike Steering Committee
272. Yinmarpin and Salingyi All Villages Strike Committee
273. Youth for Democratization of Myanmar (YDM)
274. Youth Heart Beams
275. Youth Scout For Democracy (YSD)
276. Zomi Association Australia Inc.



277. Zomi Christian Fellowship of Norway
278. Zomi Community Norway
279. ကြာအင်းဆိပ်ကြီးသပိတ်အင်အားစု/ကရင်
280. ပြင်သစ်နိုင်ငံရောက် မြန်မာများအသင်း
281. ပြည်သူ့သပိတ်အင်အားစု
282. ပုလဲလူထုသပိတ် တိုက်ပွဲဦးဆောင်ကော်မတီ
283. မျိုးဆက်-Generations
284. မြန်မာမွတ်စလင်အစည်းအရုံး (BMA)
285. ယိမ်းနွဲ့ပါး
286. ဝေါမြို့နယ်ပညာရေးဘုတ်အဖွဲ့
287. သမိုင်းသယ်ဆောင်သူများ
288. အညာလွင်ပြင်ရပ်ဝန်း

